


# နေနွယ်ဇင်မြင့်

## သိပ်ချစ်တတ်တာ မုန်းစရာလား

(ဒုတိယအကြိမ်)

လင်း

## အပိုင်း(၁)

**မလာပါနဲ့ အချစ်တစ္ဆေ**

"ဟေး"

စူး၍ သေးသော အသံချိုကလေးအဖြစ် အသိအမှတ်တော့ ပြုဖြစ်လိုက်ပါသည် ။ သို့ပေမဲ့ လှည့်မကြည့်ဖြစ်ပါ။ ဟေး ... ဆိုသည့် ဝေါဟာရကို ခေါ်သံအဖြစ် နားလည်သည် ။ မည်သူ့ကိုခေါ်မှန်းမှ မသိဘဲ။ ဟေးတွင် အညွှန်းနာမ်စား မပါသည် မို့ အများ နှင့် သက်ဆိုင်နေသည် ပဲလေ၊ ကိုယ်နှင့်မဆိုင်ပါဘူး။

"ဟေး ... ဖြောင်း ... ဖြောင်း"

ခေါ်သံမှာ လက်ခုပ်သံပါ ရောစွက်လာ၏။ အသံ ရှင်သည် မိန်းမငယ်ကလေးတစ်ဦး ဖြစ်နေမည်၊ ချိုနွဲ့သည့်အသံနှင့် လိုက်ဖက်ပါလေသော အဆင်းအလှကိုသာ ပိုင်ဆိုင်ပါက တော်တော့်ကိုလှသည့် မိန်းကလေး ဖြစ်နိုင်သေးသည် ။ ပြီးတော့ ... အလွန်ဆုံးရှိလှပါမှ ဆယ်ကျော်သက်၊ ပျိုနုရွယ်၊ တစ်နည်းအားဖြင့် ဆိုရသော် ... သည်းနုငယ်။

"မောင်မောင်ရေ ... "

ဟောဗျ ... မောင်မောင်ဆိုပါလား။ မောင်မောင်ဆိုသည့်အမည်ကို ပိုင်ဆိုင်မထားပေမယ့် မိမိကို 'မောင်မောင်' ဟု ခေါ်ခဲ့သူတစ်ယောက် ရှိခဲ့ဖူးပါ၏။ သို့ပေမဲ့ ... မောင်မောင်ရေဟု ခေါ်တတ်သူက ဤကမ္ဘာတွင် သ

က်ရှိထင်ရှား မရှိတော့ပါဘူးလေ။ တခြားမောင်မောင်ပဲ ဖြစ်ရမည်ပေ့ါ။

"ငါနဲ့ မဆိုင်ပါဘူးလေ"

အသံထွက်ကာ ရေရွတ်မိပေမယ့် ရင်ထဲမှာ ဆိုင်သလိုခံစားနေမိရတော့ခက်သည် ။ မဆိုင်ပါစေနှင့် ... ဟူ၍ လည်း ဆုတောင်းမိသေး၏။ ဘယ်လိုဖြစ်တာပါလိမ့်။ လှည့်ကြည့်ချင်စိတ်နှင့် လှည့်ကြည့်ရန် အတိုင်းမသိ စိုးရွံ့စိတ်တို့ ပြင်းထန်သော အရှိန်အဟု န်ဖြင့် အားပြိုင်ကြသည် ။

တကယ်ဆို သည် သို့ဖြစ်ရန် အကြောင်း လုံးဝမရှိ။ ခေါ်သံကြားသည် ။ လူ့ဗီဇစပ်စုလိုစိတ်ဖြင့် လှည့်ကြည့်ချင်ကြည့်လိုက်ပေ့ါ။ မဆိုင်ဘူးထင်လျှင်လည်း မကြည့်ဘဲနေရုံ။ ခုတော့ ... ပတ်ပတ်သက်သက် ခံစားရမှုက အဘယ်ကြောင့် ရင်တွင်းမှာ ဖြစ်ထွန်းပါသနည်း။

"မမ,မရှိတော့တဲ့ နောက်ပိုင်း ကန်ပေါင်ရိုးပေါ်ကို မနက်စောစောထပြီး ကျွန်တော်တစ်ယောက်တည်း လမ်းလျှောက်တာ ဒီတစ်ခါပထမဆုံးပဲ"

မမကို သတိရသည် ။ တမ်းမက်လွမ်းမောမှု ထုထည်တွင် မမ မျှော်လင့်သလောက် မေတ္တာသိပ်သည်းဆ မများ လှပေမယ့် သာမန်အဆင့်ထက် ကျော်လွန်၍ သတိရနေပါသည် မမ။

ကမ္ဘာအေးစေတီလမ်းဘက် အင်းလျားကန်ပေါင်ရိုးပေါ်တွင် လမ်းလျှောက်ရင်း စကားပြောနေပါသည့် ‘ကျော်ကြည်သာ’။

"မောင်မောင်ရေ ... ဟေး"

ခက်ပြီ။ အသံက ပိုမိုနီးကပ်လာသည် ။ သောတအကြည်ဓာတ်မှာ တဖုတ်ဖုတ် ပြေးလိုက်လာသံကိုပင် ကြားယောင်မိ၏။ မမကို ဖွင့်ဟတမ်းတကာ အာရုံပြောင်းသည် ကိုက ခေါ်သံနှင့်ပတ်သက်သည့် နွယ်ယှက်

မှုတစ်မျိုးကို ပိုင်းဖြတ်လိုစိတ်ကြောင့်ပါ။ မဆီမဆိုင် အဘယ်ကြောင့် ဤသို့ ခံစားရပါသနည်း။

တကယ်ဆို အသံရှင်က ခေါ်ချင်သည့်သူကို ခေါ်တာဖြစ်မည်လေ။ ကိုယ်က အနေသာကြီး။ တုန်လှုပ်မှုတစ်မျိုးကြောင့် ရင်ခုန်မိသည် ဆိုကတည်းက မိမိကိုသာ ခေါ်နေကြောင်း ဆဋ္ဌမအာရုံက လက်ခံထားပြီထင်သည် ။

"ဟေး ... ဖြောင်း ... ဖြောင်း ... မောင်မောင် ... မောင်မောင်ရေ"

ယောက်ျားခြေလှမ်းကြီးကို အကုန်ဖွင့်ကာ စိတ်က လှမ်းလိုက်သည် ။ လူက မရွေ့တော့။ လည်ပင်းလိမ်ကာ ကန်ထဲသို့ လှမ်းကြည့်နေကတည်းက နောက်ဘက်ဆီသို့ ခြေဦးတည့်ရန် ရာနှုန်းငါးဆယ်။

"မမပါ မောင်မောင်ရယ်"

သွားပြီ။ နောက်ဘက်သို့ ချာခနဲ လှည့်လိုက်မိတော့သည် ။

"ဟင် ... "

ပြေးလာနေသည့် မိန်းကလေး။

ဆယ်စုတစ်ခုကို ကျော်လွန်လှပါမှ လေးနှစ်ငါးနှစ်။ ဆယ့်လေးငါးနှစ် မြီးကောင်ပေါက်ခါစသာ ရှိဦးမည့် ကလေးသာသာ အရွယ်ကလေး။

"ခေါ်လိုက်ရတာ မောင်မောင်ရယ်"

"မြတ်စွာဘုရား"

မျက်လုံးမျက်ဆန် ပြူးသွားရသည် ။ မျက်ခုံးနှစ်ခု အပြင်ဘက်စွန်းများ အထက်သို့ မြင့်တက်ကုန်ကြ၏။ သူ့ကို ခေါ်တာ သေချာနေပြီလေ။ ပြီးတော့ ချာတိတ်မပေါက်စ။ စကတ်ကလေး တ

ကားကားနှင့် အပြေးလိုက်လာကာ ခေါ်ပုံကျတော့ မောင်မောင်တဲ့ ။

"အမယ်လေး ... ဟူး ဟူး ... ဖရူး ဖရူး"

ရင်ကလေး ဖုတ်လှိုက်ဖုတ်လှိုက်ခုန်ကာ အနားမှာ စုံရပ်လာသည် ။ စကားမပြောနိုင်အားသေးဘဲ အမောဖြေနေရှာ၏။ ပါးစပ်ကလေးဟကာ အသက်ကို အငမ်းမရရှူနေရသည် ။ သူမလေး၏ လျှာနီနီကလေးကိုပင် မြင်နေရသည် ။

"သမီးက ဦးဦးကို ခေါ်တာလား"

အပျိုမလေး ဖြစ်မနေသည့်အတွက် ရင်ထဲတွင် တစ်ဝက်တစ်ခြမ်း ငြိမ်းချမ်းသွားရ၏။ ဟုတ်သည် လေ ... ခုနေခါ ဘယ်အပျိုမလေးနှင့်မှ မဆုံချင်။ မပတ်သက်ချင်။ အများ တကာ ဝိုင်းထိုးကြမည့် လက်ညှိုးတွေအောက်မှာ လွတ်အောင်ရှောင်ချင်သည် ။

"ခစ် ... ဦးဦးတဲ့ ... သမီးတဲ့ "

အမောဆို့ဆဲက ခစ်ခနဲရယ်တော့ ပါးချိုင့်ကလေးအစုံထင်းခနဲ ပွင့်လာသည် ။ ကျော်ကြည်သာ ရင်ထဲမှာ ဖုံးတစ်လုံးကွဲသည် ။ အုန်းခနဲမြည်သံကို အလိုလိုကြားယောင်ကာ ထခုန်မိလုလုပါ။

"ကျုပ် အသက်က အစိတ်၊ ညည်းလေးက ရှိလှမှ ဆယ့်လေးငါးပေါ့၊ ဦးဦးမပြောလို့ သားသားပြောရမလား ... ကဲ"

စိတ်ဆိုးသည် မဟုတ်ပါဘဲ ဘုပြောဖြစ်သွားရသည် ။ ချာတိတ်မလေး ရယ်မှာ ကြောက်သည် ။ သူရယ်လျှင် ပါးချိုင့်ကလေးတစ်စုံ ပွင့်ဦးမည်။

ကေ ျာ်ကြ ည ်သ ၁တ စ ်သ က ်မ ၂၁ ပါးချိုင့်နှင့် သွားစွယ်ချွန်ချွန်ကလေးများကို အကြောက်ဆုံးလေ။

"မောင်မောင်ရယ် ... မမက မောင်မောင့်ထက် ဆယ်နှစ်တိတိ ပိုကြီးသူပါ"

"အလိုလေး ... ဘုရား"

မမ ဆိုပါလား။ မောင်မောင်တဲ့ ။ ပြီးတော့ ဆယ်နှစ်ပိုကြီးသတဲ့ ။ ပြောနေသူက ချာတိတ်မလေး။ ဘလောက်စ်လေးဝတ်ကာ ထဘီမနိုင်သေးသည့် မို့ စကတ်ကလေးကားနေအောင် ဝတ်ထားသူလေး။ သူ့ဆံပင်လေးကလည်း အရွယ်နှင့်လိုက်ဖက်စွာ ဘိုကေသာသာ။

"မမလေ မောင်မောင့်ကို သိပ်လွမ်းလို့ "

"ဟော့ ... ဟော့ ... နေပါဦး"

လက်ဝါးတကာကာနှင့် တားမိ၏။ အင်းလျားစောင်းရှိ ဆောင်း၏ နံနက်ခင်း နှင်းပွင့်များ သည် ကဝေအတတ်ဖြင့် တစ်စုံတစ်ခုကို ပြုစားပြီထင်သည် ။ ချာတိတ်မလေးက အရူးလား၊ ကျော်ကြည်သာပဲ ရူးပြီလား။

"မမ ဘယ်ဘဝကိုမှ မကူးနိုင်ဘူး မောင်မောင်၊ မောင်မောင့်အနားမှာပဲ နေချင်လို့ "

"ဒါ ... ဒါဖြင့် မင်း ... မင်းက တစ္ဆေလား"

"ယူသော်ရ၏ ပေ့ါ မောင်မောင်"

ဗုဒ္ဓေါ ...။ မမလေသံ၊ မမစကား၊ မမ အသုံးအနှုန်း၊ မမ ပြောနေကျ။ ယူသော်ရ၏ ... တဲ့ ။

"ကလေးမကတော့ မမ ဘယ်ဟုတ်ပ့ါမလဲ၊ ဒါပေမဲ့ မမ ဝိညာဉ်က သူ့ကိုယ်ထဲကို ပူးလိုက်တာ"

"ကြံကြီးစည်ရာ ဒီခေတ်ထဲမှာ ဒါတွေ ပြောနေတယ်၊ ဟော့ ... မင်း စိ

တ်ကောင်းရဲ့ လား"

"မမ မရူးပါဘူး မောင်မောင်ရယ်၊ ရူးတယ်ဆိုရင်တောင် မောင်မောင့်ကို သိပ်ချစ်ရလို့ ရူးတဲ့ အရူး"

"မင်း ငါ့နာမည် သိသလား"

"ကျော်ကြည်သာ၊ မမက သိပ်ချစ်လို့ မမထက် ဆယ်နှစ်ပိုငယ်လို့ မောင်မောင်လို့ ချစ်စနိုးခေါ်တယ်လေ"

"မင်း သိလှချည်လား၊ မင်းကို ငါ မသိဘူး"

"ရုပ်ခန္ဓာကိုတော့ မောင်မောင် ဘယ်သိမလဲ၊ နာမ်ကသာ မမရဲ့ နာမ်ကိုး"

"မင်းမိဘတွေကော ငါ လိုက်ပို့ပေးမယ်"

"မမဝိညာဉ် ပူးကပ်နေပြီဆိုမှ ကလေးလေးလို စောင့်ရှောက်ဖို့ လိုမှာ လား မောင်မောင်၊ မောင်မောင့်ကိုသာ မမက စောင့်ရှောက်ခဲ့ရတာပါ"

"ခက်နေပြီ သိပ်ခက်တာပဲ၊ မင်း ဘယ်မှာ နေလဲ"

ချာတိတ်မလေး ခေါင်းခါသည် ။

"မင်းနာမည် ဘယ်သူလဲ"

"မောင်မောင်က မေ့ပစ်တော့လည်း ထပ်ပြောရမှာ ပေ့ါလေ၊ ဒီမှာ …
"

မျက်နှာချင်းဆိုင်နေရာမှ အင်းလျားရေပြင်ဘက် လှည့်ကာ တစ်ချက်ငေးလိုက်ပုံက မမ တစ်စုံတစ်ခုကို စိတ်ထိခိုက်တိုင်း ဆွေးကျသွားပုံမျိုး။ စေ့စေ့ကြည့်တော့ ကောင်မလေးက ထွားတော့အထွားသား။

ဒူးဆစ်အထက် လက်တစ်ဝါးခန့် တိုတက်နေသေးသည့် ပုံရိုးစကတ် ကားကားလေးထဲမှာ ဘလောက်စ်အင်္ကျီကို ထည့်ဝတ်ထားသည် ။ ခြေစွပ်အဖြူ၊ ဟပ်ဖပ်ရှူးအနက်ကလေးနှင့်ဆိုတော့ ငါးတန်းခြောက်တန်း ကျောင်းသူကလေးလို။

ကျော်ကြည်သာက ဘလောက်စ်ကို ခါးပြင်သို့ ထုတ်ကြည့်သည် ။ စကတ်နေရာတွင် ထမီဝတ်ပေးကြည့်သည် ။ ခြေအိတ်ဖြူလေးကိုချွတ်ကာ ဟတ်ဖ်ရှူးနေရာတွင် မမစီးနေကျနိုင်ငံခြားဖြစ် ဖန်ဖိနပ်ခွာသေးသေး မြင့်မြင့်ကလေး ထည့်ကြည့်သည် ။ အတွေးထဲမှာ လေ။

အင်း ... အပျိုပေါက်ကလေးပဲ၊ ဆယ့်ခြောက်၊ ဆယ့်ခုနစ် အသာကလေးဖြစ်လာနိုင်မည့် အရပ်အမောင်း။

"ဖေဖေနဲ့ မေမေက သမီးလို့ ခေါ်တယ်၊ အမျိုးတွေက မန်းမန်းတဲ့ ၊ မောင်မောင်ကတော့ မမလို့ ခေါ်ပြန်ရော၊ နာမည်အပြည့်အစုံက မြမန်းနွယ်၊ အင်း ... သူငယ်ချင်းတွေကတော့ နွယ်လို့ ခေါ်ခဲ့ဖူးတယ်"

"မင်းကို တစ်ယောက်ယောက်က သင်လွှတ်လိုက်သလား"

သင်လိုက်လို့ လည်း လွယ်သည့်ကိစ္စ မဟုတ်ချေ။ စကားအသွားအလာကို အဆင်ပြေအောင် ပြောရမည်ဆိုတော့၊ သူ့ဘက်ကဘာပြောမှန်းကြိုမသိဘဲ၊ မည်သည့်အဖြေကို ကြိုသင်နိုင်ပါ့မလဲ။

"မမ ကလေးမဟုတ်ပါဘူး ဆိုကွယ်"

"မင်း တော်တော်ထွားတာပဲ"

သုံးလက်မမြင့်သည့် ခွာမြင့်ဖိနပ်ကို စီးထားသည့် မမသည် ကျော်ကြည်သာ၏ ရင်ခွင်မှာ မှီနွဲ့တိုင်း မမဦးခေါင်းက ကျော်ကြည်သာ၏ မေးဖျားသို့ပင် ထိရုံရှိ၏။

"ပြောတတ်ဘူးလေ၊ မမဝိညာဉ် ပူးကပ်ဖို့ အတွက် သူ့ကိုပဲ ရွေးရတယ်၊ မမနဲ့ လည်း တူတယ်မဟုတ်လား"

"ပါးချိုင့်ကလေးတော့တူတယ်" ဟု ရင်ထဲမှာ ကျိတ်ပြောပြီးမှ ...

ဘုရား ... ဘုရား ... သွားစွယ်ချွန်ချွန်လေး နှစ်ဖက်က မမမှ မမ။

"မျက်လုံးတို့ နှာတံတို့ "

ပြန်မော့ကာ ကြည့်မိ၏ ။ ဟုတ်သား တူသလိုလိုပဲ။ ကြည့်ရင်း ကြည့်ရင်းက ချွတ်စွပ်နီးပါး တူလာရတော့သည် ။ မမဆယ့်လေးငါးနှစ်ရွယ်ကဆို ဒီပုံပဲဖြစ်မယ်။

"မမဆံပင်က ရှည်တယ်"

ဘာကြောင့်မှန်းမသိ ပြောမိ၏။

"ငယ်သေးတယ်လေ မောင်မောင်ရယ်၊ ဆံပင်ဆိုတာ ညှပ်မပစ်ရင် ရှည်လာတတ်တဲ့ အရာပဲ၊ မောင်မောင် သိပ်မစောင့်ရအောင် တစ်လနှစ်လအတွင်း အင်းလေ ... အလွန်ဆုံး သုံးလေးလပေ့ါ။

"ဘာလုပ်မလို့ လဲ"

"မမပုံစံနဲ့ တစ်သဝေမတိမ်း ဖြစ်လာအောင် ဖန်ဆင်းမလို့ "

ပြောပြန်ပြီ အရူးစကား ... ဟု ရင်ထဲမှာ ဒေါပွမိသည် ။

"မမက ဝိညာဉ်လောကသားဆိုတော့ ဣဒ္ဓိပါဒ်တစ်မျိုးမျိုးတော့ ပိုင်ပါတယ်"

"မင်း အိမ်ပြန်ဖို့ ကောင်းပြီ"

"ပြန်စို့လေ ... လာ"

"ဟာ"

သူ့လက်ကို ဖျတ်ခနဲ လာဆွဲသည် မို့ ဆောင့်ခနဲ ရုန်းမိသည် ။ ဘေးဘီကိုလည်း ကြည့်မိသည် ။ ချာတိတ်မလေးနှင့် တစ်စုံတစ်ခုသော ပြဿနာဝင်ရလျှင် သူ့အဖို့ မလွယ်။ ကောင်မလေးက အရွယ်မရောက်သေး။

"ဩော် ... မောင်မောင်၊ မမကို ခုထိတောင် စိတ်ပျက်နေတုန်းပဲလား "

"မင်းအိမ် ဘယ်မှာ လဲ၊ ငါ လိုက်ပို့မယ်"

"လက်တွဲတာ မခံချင်ရင်လည်း ရှိပါစေတော့၊ ဒါပေမဲ့ မမ မောတယ် မောင်မောင်ရယ်"

"မမမောတယ် မောင်မောင်ရယ်"ဟု ဆိုလာပါတိုင်း လက်ကိုတွဲ၍ သော်လည်းကောင်း၊ ပခုံးကိုပွေ့ဖက်၍ သော်လည်း ရံဖန်ရံခါဆိုသလို ပွေ့ချီ၍ သော်လည်းကောင်း ပြုစုခဲ့ရပါသည့် မမ။

"ဒီမှာ ... ခဏနေဦး"

ရှေ့မှ စတင်ထွက်ခွာစပြုသည့် ချာတိတ်မကို တားမိပြန်သည် ။ ချာတိတ်မ လှည့်ကြည့်သည် ။

"မင်းကို ငါနဲ့ ... မမ အကြောင်းတွေ ... "

မမအကြောင်းတွေ ဆိုသည် နှင့် နှလုံးရောဂါမရှိပါဘဲ မောလာသည် ။ ရင်ခွင်ရှိသူတိုင်း ခံစားတတ်သည် ။ ခံစားတတ်သူတိုင်း ရင်မောမြဲမို့ ကျော်ကြည်သာ သက်ပြင်းမောကို ချမိ၏။

"ဘယ်သူပြောထားသလဲ၊ မင်း ဘယ်သူ့သမီးလဲ"

"ကိုယ့်အကြောင်းကို ဘယ်သူမှ ပြောစရာမလိုဘူး၊ ကိုယ့်ဘာသာအ သိဆုံး၊ မမ ဦးအောင်မန်း ဒေါ်ခင်အေးမြ သမီး"

ခေါင်းကို ဆတ်ခနဲ တွန့်မိသည် အထိ အံ့ဩရပြန်၏။

ဦးအောင်မန်း ဒေါ်ခင်အေးမြတို့ က မမ ဖေဖေနှင့် မေမေ။

"ထားပါတော့၊ မမ ဝိညာဉ်ပူးနေတယ်ပဲ"

"ထားရမှာ မဟုတ်ဘူး ၊ ပူးကိုပူးနေတာ"

"ဟုတ်ပါပြီ၊ ဒီရုပ်နဲ့ ဒီကိုယ်ခန္ဓာနဲ့ ချာတိတ်မလေးကို သူ့မိဘက စိ တ်ပူရောပေါ့၊ ပူးချင်ရင်နောက်မှ ပူး၊ ခုတော့ မင်းကို အိမ်ပြန်ပို့ရမယ်"

"မောင်မောင့်တာဝန် မရှိပါဘူး"

"ဘယ့်နှယ် မရှိရမှာ လဲ၊ ကလေးလေးကို"

"ကလေးလေးပေမယ့် သူ့စိတ်နဲ့ သူ့အသိဉာဏ်က သုံးဆယ့်ငါးနှစ်ဆို တာ မေ့သွားပြန်ပြီလား၊ မမက မောင်မောင့်ထက် ဆယ်နှစ်ပိုကြီးတယ်"

"ဘာပဲဖြစ်ဖြစ် မင်း ပြန်ဖို့ ကောင်းပြီ"

"နှင်ရက်တယ်နော် မောင်မောင်"

"မမစိတ်နဲ့ ဆိုပေမယ့် ချာတိတ်ကိုယ်ကလေး"

"အဲဒီကိုယ်ခန္ဓာလေးဟာ သုံးလေးလအတွင်း သုံးဆယ့်ငါးနှစ်အရွယ် ဖြစ်လာစေရမယ်"

"မဟုတ်တာတွေ ပြောပြန်ပြီ"

"ထပ်တွေ့ကြဦးမှာ မို့လား"

"သိပ်တွေ့တာပေါ့၊ မောင်မောင့်နောက်က တကောက်ကောက်လိုက်

နေမှာ "

"ကျုပ် မိန်းမယူတော့မှာ "

"ယူကြည့်လေ၊ ကုပ်ချိုးသတ်မယ်"

"မင်း ငယ်ငယ်လေးနဲ့ စိတ်ရောဂါတစ်ခုခုရှိရမယ်၊ ငါနဲ့ မမအကြောင်းတွေ တစ်နည်းနည်းနဲ့ သိမယ်၊ ဆရာဝန်မဟုတ်လို့ ရှင်းမပြတတ်ပေမယ့် မင်းမှာ ဝေဒနာဖြစ်နေပြီ၊ မင်းကို အိမ်အထိလိုက်ပို့မယ်"

"သဘောပဲ"

"မမဟာ ငါ့ကို သဘောပဲလို့ ပြောတတ်ပေမယ့် လက်တွေ့ကျတော့ မမနဲ့ ပတ်သက်တိုင်း ငါ့သဘောမရှိဘူး၊ သူ့သဘောချည်းပဲ သိလား"

"ဒါတွေကို စိတ်နာနေတယ်ပေါ့လေ"

"တော်ပြီ၊ မင်းကို အရှုံးပေးတယ်၊ ရှေ့ကကြွတော်မူ"

"သိပ်ကြွတာပေါ့"

ခြေကလေး ဘောက်ဆတ် ဘောက်ဆတ်နှင့် လှမ်းသွားပုံက ကလေးလေးပါပဲလေ။ မမသာဆို မို့စွင့်သည့်တင်ကို အချိုးကျအောင် လှုပ်ခါစေပြီးမှ ညင်သာနွဲ့နှောင်းစွာ လျှောက်လှမ်းတတ်မြဲ။

"ဟော့ ... မင်း ငါ့အိမ်လိုက်မလို့ လား"

"ကိုယ့်အိမ်ကိုယ်ပြန်မှာ ၊ စဉ်းစားပါဦး မောင်မောင်၊ စိမ်းလဲ့မေရိပ်သာထဲက ဧကဝက်တိတိရှိတဲ့ ခြံကျယ်ထဲက တစ်ထပ်တိုက်ပြားပြားလေးဟာ ဘယ်သူပိုင်ခဲ့တဲ့ အိမ်လဲ၊ နံပါတ်ပါ ပြောရဦးမှာ လား"

"မြတ်စွာဘုရား"

ဘုရားတရပြန်သည် ။ သည် ခြံ သည် တိုက်ကလေးမှာ လောလော

ဆယ် ကျော်ကြည်သာ နေပါသည် ။ သို့ပေမဲ့ မမပိုင်သောခြံ၊ မမပိုင်သောတိုက်၊ ကျော်ကြည်သာ့နာမည်ဖြင့် လွှဲပြောင်းခဲ့ပြီးဖြစ်သည့် မရွှေ့မပြောင်းနိုင်သည့်ပစ္စည်း။

"အဲဒီကို သွားမှာ လား"

"ဒါပေါ့"

"ခက်ပြီ ငါတော့ ကလေးကို ဖြားယောင်းသွေးဆောင်မှုနဲ့ ထောင်ဆယ်နှစ်ကျလိမ့်မယ်ထင်တယ်၊ မင်းမိဘတွေလည်း စိတ်ပူနေကြတော့မှာပဲကွာ၊ ငါ သေသာသေချင်တော့တာပဲ"

"နှစ်လသုံးလအတွင်း သုံးဆယ့်ငါးနှစ် ဖြစ်လာရင် ကိုယ်နေချင်လို့ နေပါတယ် ပြောလို့ ရပြီပဲ"

"ဟ ... နှစ်လသုံးလအတွင်း အနှစ်နှစ်ဆယ်လောက် ဘယ်လိုခုန်သွားရမှာ လဲ ... မင်း ... မင်း"

"ရူးနေပြီလို့ ပြောချလိုက်စမ်းပါ၊ မမ မရူးခင် မောင်မောင့်ကို စိတ်ကျန်းမာရေးဆေးရုံ အရင်တင်ခဲ့ဦးမယ်"

"ကောင်းတယ် မင်းနားမှာ နေရမှာ နဲ့ စာရင် ထောင်ထဲသွားနေရလည်း ကောင်းတာပဲ"

"ကျောက်စိမ်းရောင် နှလုံးသားက စိန်ထက်မာကျောပါပေတယ်၊ တစ်ဖက်သားရဲ့ အချစ်ကို ဒီလောက်လျစ်လျူရှုတတ်တဲ့ လူမျိုး၊ မမတစ်သက် မောင်မောင်တစ်ယောက်ပဲ တွေ့ဖူးတယ်"

"မင်း ... မမရဲ့ ဒိုင်ယာရီကို တစ်နေရာရာက တွေ့ပြီးဖတ်ထားတာမဟုတ်လား"

"အဲဒီဒိုင်ယာရီကို မမမှ ယူမထားတာ၊ ခုလောက်ဆို မောင်မောင် တွေ့ပြီး သိမ်းပြီးရောပေါ့"

"ဟေ ... "

ကြက်သီးများ ပင် ဖြန်းခနဲထသွားရတော့သည် ။ သည် လုပ်ရပ်က မမ မရှိတော့မှ ပြုမိသည့်အပြုအမူ။ သည် ကလေးမ မည်သို့သိနိုင်မလဲ။ မမ တကယ်ပဲ တစ္ဆေသရဲဘဝနှင့် ချောင်းကြည့်ခဲ့လေသလား။ ဒါဆို မမ ဝိညာဉ် တကယ်ပူးနေတာလား။

"မင်းကို ကြောက် လာပြီ"

တုန်လှုပ်ဟန်အပြည့်မှာ အသံတွေပါ မူမမှန်ချင်တော့ပါ။

"မကြောက်ပါနဲ့ နောက်မိန်းမယူပြီး မမပစ္စည်းတွေနဲ့ မစံစားသမျှ မောင်မောင့်ကို ဒုက္ခမပေးပါဘူး"

"သဘော ... သဘော၊ မယ်မင်းကြီးမလေး ထင်တိုင်းကြဲပေတော့၊ မ မသာဆို ငါ့ကို လေသံမာမာနဲ့ ပြောမှာ မဟုတ်ဘူး "

"ဟိုတုန်းက ချစ်နေတဲ့ မမ၊ ခုဟာက စိတ်နာနေတဲ့ မမ"

"စိတ်နာရအောင် ငါက ဘာလုပ်ခဲ့သလဲ"

"မမ ဘာကြောင့် သေခဲ့ရသလဲ၊ သေပုံကို ပြန်တွေးကြည့်"

"မတွေးချင်ဘူး မတွေးချင်ဘူး၊ မပြောပါနဲ့ ၊ မင်းကို ငါကြောက်ပါတ ယ်၊ အရှုံးပေးပါတယ်"

"အဲဒါပဲ ကောင်းပါတယ်"

ပြောပြောဆိုဆို သူမကလေးက ရှေ့က လှမ်းသည် ။ အင်းလျားရိပ် သာကို ကျော်လွန်ပြီးမှ ကမ္ဘာအေးစေတီလမ်းကို ဖြတ်ကူးသည် ။ ပြီး

တော့ စိမ်းလဲ့မေရိပ်သာထဲ ချိုးဝင်။

"ဟော ... "

တုန်လှုပ်ရတာတွေ များ လွန်းပြီ။ သည် တိုင်းဆို ကြာကြာမခံနိုင်။ ရှူးလောက်၏။ ဦးနှောက်ကြောပြတ်ကာ ဗုန်းခနဲသော်လည်း လဲသေနိုင်သည် ။

ကြည့်လေ။

မမရှိစဉ်က အစဉ်အမြဲပိတ်ထားသည့် ခြံတံခါး၊ မမဆုံးတော့ အသုဘကိစ္စနှင့် နေ့ရောညပါ ဖွင့်ထားရသည် ။ ခုထက်ထိခြံတံခါးက ဟင်းလင်းပွင့်ဆဲ။ ခြံထဲမှာ မမစီးနေကျ အုတ်နီခဲရောင် ဖော်လ်ဗိုကားကြီးက ထိုးဆိုက်လို့ ။

"ဒီကားကို မောင်မောင် ချက်ချင်းရောင်းပစ်လိုက်ပေမယ့် မမ ပြန်ဝယ်လိုက်တယ်"

"စာချုပ်ပြုပြီး ညတွင်းချင်း ကြွေးနဲ့ လာသိမ်းလို့ ထိုးအပ်လိုက်ရတာ "

"ငွေနှစ်သောင်း အလိုက်ရသေးတာကော"

"အဲဒါ မမဗီရိုထဲမှာ လက်ဖွဲ့ရာတောင် မစွန်းရအောင် ထည့်ထားတယ်"

"အလုပ်တစ်ခုကို လက်ရာမပေါ်အောင် လုပ်တတ်တဲ့ နေရာမှာတော့ မောင်မောင် အလွန်တော်ပါတယ်၊ လုံးဝ မချစ်ဘဲနဲ့ လည်း ချစ်ချင်ယောင်ဆောင်တတ်ပါပေ့"

"တော်တော့"

ဒေါသဖြင့် ကျုံးအော်မိ၏။ သည် အရွယ် ချာတိတ်မလေးနှင့် သည်သို့ စကားအခြေအတင် မပြောချင်။ သည် ပေါက်စမကလည်း သိလွန်းသည် ။ မမဝိညာဉ် တကယ်ပူးကပ်ကာ တစ္ဆေဘဝနှင့် လိုက်ချောင်းခဲ့သမျှ အကုန်ဖွင့်ချနေရော့သလား။

ကျော်ကြည်သာ စိတ်ပျက်လက်ပျက်ဖြင့် အိမ်ထဲသို့ တန်းဝင်ခဲ့သည် ။ လာပါ ဝင်ပါဦး မခေါ်။ သူ့ဘာသာ ဝင်ချင်ဝင်မဝင်ချင်နေ။

"သူ ဝင်ချင်လည်း တားလို့ ရမှာ မဟုတ်ဘူး ၊ မဝင်ချင်လည်း ခေါ်လို့ ရမှာ မဟုတ်ဘူး ၊ ပြဿနာမတက်အောင် မခေါ်တာပိုကောင်းတယ်"

ကိုယ့်အတွေးနှင့်ကိုယ် ဧည့်ခန်းထဲသို့ ဝင်လာသည် ။ မမစိတ်တိုင်းကျ ဝယ်ထားသော ပြာနုလွင်သည့် ဆိုဖာဆက်တီပေါ်တွင် ခြေပစ်လက်ပစ် ထိုင်မိသည် ။ စောစောပိုင်းက ဝတ်ထားမိသည့် ဆွယ်တာချိုင်းပြတ်ကို ဆောင့်အောင့်ချွတ်ပစ်လေသည် ။ မချွတ်လို့ လည်း မဖြစ်။ နဖူးမှ ချွေးသီးတွေက ဆီးကင်းခန့်။

စိတ်အိုက်လူအိုက်နှင့် ရင်ထဲမှာ လည်း လှိုက်ဖြာတုန်လှုပ်နေ၏။ တစ္ဆေသရဲ နာနာဘာဝများကို ယုံကြည်ကာ ကြောက်လန့်တတ်သူသာဆို ခုနေခါ လိပ်ပြာလွင့်နေလောက်ပြီ။

စိတ်ကို တင်းရင်း ရင်ထဲမှာ တလှပ်လှပ်ခုန်၍ ခံစားမှုပေါင်းစုံ ပြွမ်းစုနေသည် ။ ကြာကြာနေ ရှုးရချည်ရဲ့ ။ သံပရာရည် အေးအေးလေးကို ဂလူးစ်ကို့စ်လေးနှင့် သောက်ချင်နေမိ၏။ မမ မောတိုင်း သူကိုယ်တိုင် ဖျော်တိုက်နေကျ အချိုးအဆကလေးနှင့်ပေါ့။ ခုတော့ ကိုယ်တိုင် ထမလုပ်ချင်။ လုပ်ပေးမည့်သူကလည်း တစ်ဦးမျှမရှိ။

"နာကြည်းမှု ခံစားချက်အပြည့်နဲ့ သေဆုံးခဲ့တယ်ဆိုရင်တောင် ရှေ့ပိုင်းက လိုက်လျောမှု အကြင်နာကျေးဇူးတွေကို ထောက်ထားသင့်ပါတယ်

ဗျာ၊ မမကို ကျွန်တော် တကယ်သနားပြီး အနစ်နာခံခဲ့တာတွေ"

ဟော ... အတွေးမဆုံးမီ ကားတစ်စင်း ခြံထဲမှ မောင်းထွက်သွားသံကြားရသည် ။ ထ,မကြည့်ဖြစ်တော့ပါ။ ဟိုချာတိတ်မလေး ပြန်သွားတာနေမှာ ပေ့ါ။

"ကောင်းတယ်၊ အိမ်ပေါ်တက်နေရင် အရွယ်မရောက်သေးသူ သွေးဆောင်မှုနဲ့ ပြဿနာတက်ဦးမယ်၊ ခုတောင် လက်ညှိုးတွေက သံသယမျက်ဝန်းတွေနဲ့ အပြိုင် ငါ့နားမှာ ပလူပျံသလိုဝဲနေတာ"

မျက်စိကိုစုံမှိတ်ကာ ဆိုဖာလက်တန်းပေါ် ခေါင်းတင်၍ ကိုယ်ကို လှဲချပစ်လိုက်မိတော့သည် ။

"ဟိုက်... "

ချက်ချင်း ငုတ်တုတ်ထထိုင်ဖြစ်သည် ။

"ခက်တော့တာပဲ၊ ကလေးလေး ကားမောင်းသွားလို့ ဖြစ်မလား"

အိမ်တံခါးဝသို့ ပြေးထွက်ကြည့်တော့ ခြံဝမှာ တောင်ကားနောက်မြီးကို မမြင်ရတော့ပါ။

"လျှောက်တိုက်ကုန်မလား၊ ရဲဖမ်းမလား၊ ဒုက္ခပဲ ... ဒုက္ခပဲ"

သောကတွင် အပူဆင့်ကာ ရင်ထဲမှာ အတိုင်းမသိ လောင်မြိုက်မိတော့သည် ။

"ဟူး ... "

သက်ပြင်းမောကို တစ်ဝကြီး မှုတ်ထုတ်ပစ်သည့်တိုင် လည်ချောင်းဝမှာ ဆို့နင့်နေသည် ။

"တမလွန်ရောက်တာတောင် ဒုက္ခပေးတုန်းပါလားဗျာ"

အိမ်တံခါးကို ချက်ချပိတ်ကာ အိပ်ခန်းထဲထိ ဝင်လာခဲ့တော့သည် ။

အိပ်ရာပေါ် ပစ်လှဲချတော့ တန်းမြင်နေရသည့် မျက်နှာကြက်ပေါ်မှာ ပါးချိုင့်တစ်စုံ၊ သွားစွယ်နှစ်ဖက်နှင့် ပြုံးနေသည့် မမမျက်နှာ။

"တော်ပါတော့၊ ဒီလောက် နှိပ်စက်ရရင် ကျေနပ်ပါတော့ဗျာ၊ မောင်မောင် ကြောက်ပါတယ်၊ အရှုံးပေးပါတယ်၊ မလာနဲ့ ၊ မမ ကျွန်တော့်အနားမလာနဲ့ "

***

နံနက်ပိုင်းကြီးမှာ ပင် ပြန်လည်အိပ်ပျော်သွားသည် ဟု ဆိုရမလား။ သတိလစ် မေ့မြောသွားရသည် ဟု ခေါ်ရမလား၊ ခန္ဓာနှင့်နာမ်တို့ ပေါင်းစပ်မှုမရှိဘဲ ဖယ်ခွာကျောခိုင်းကြပြီး စိတ်က အတွေးကမ္ဘာဆီသို့ ပျံ့လွင့်ပြေးဝင်သည် ဟု ပဲ ပြောရမလား။

လူနှင့်စိတ်နှင့် မကပ်သည် တော့ အမှန်ပါ။ အတွေးကမ္ဘာထဲမှာ မမနှင့် ဆုံနေသည် ။ မမ အသက်ရှိစဉ်က ဖြစ်ရပ်များ အပါအဝင် မဖြစ်မကြုံခဲ့ဖူးသည့် ဖြစ်ရပ်များကို တုန်လှုပ်ချောက်ချားစွာ မြင်မက်မိ၏။ အိပ်မက်လေလား၊ ဝိုးတဝါးပေမယ့် ကိုယ့်ကိုယ်ကို သတိထားမိချိန်မှာ ဇောချွေးတွေက အတန်တန်။

စိတ်က ဘယ်လိုပဲဖြစ်နေနေ၊ ကိုယ်ခန္ဓာက အချိန်တန်တော့ အစာတောင်းသည် ။

"ဆာလိုက်တာ"

မနက်ပိုင်းက လမ်းမလျှောက်မီ ကန်သာယာ ကဖီးမှာ လက်ဖက်ရည်တစ်ခွက်နှင့် အီကြာကွေးနှစ်ချောင်း ဝင်စားခဲ့သည် ။ ခြောက်နာရီမထိုးမီက အစာသည် ယခုဆို ကြေလှည်က်လှပြီပေ့ါ။ နာရီကြည့်တော့ ဆ

ယ့်တစ်နာရီ။

"ထမင်းချိုင့် ရောက်ရောပေါ့"

ကမ္ဘာအေးဈေးထဲမှ ထမင်းချိုင့် မှာ စားခဲ့သည် မှာ တစ်လကျော်ပါပြီ။

ထင်ထားသည့်အတိုင်းပါပဲ။ အိမ်ရှေ့ ပေါ်တီကိုအောက်တံခါးမကြီး ရှေ့တည့်တည့် သုံးထစ်သော အုတ်လှေကားလေးထိပ်မှာ ထမင်းချိုင့် ရောက်နေပြီ။

"လှေကား တစ်ထစ်ဆင်းတဲ့ အခါ မောင့်ချစ်ဇနီးကို သတိရပါ"

မမဆိုလေ့ရှိသည့် သီချင်းသံကို ကြားမိပြန်သည် ။ မမက သည် သို့ ဆိုပြတိုင်း ကျော်ကြည်သာက မျက်နှာကြီးရဲတက်လာသည် အထိ ရှက်မိ၏။

"ဟော ... ကြည့်၊ မောင်မောင်ကပဲ ရှက်ရတယ်လို့ ၊ မမဟာ မောင် မောင့်ဇနီးမဟုတ်လို့ ဘာလဲ ... ကဲလေ"

"ဟာဗျာ ... မမကလည်း "

သည် တုန်းက ရှက်ပေမယ့် ပီတိတစ်မျိုး ဖြစ်ထွန်းခဲ့သလိုပါ။ တစ်ဖက်သားက ကိုယ့်ကို အလိုလိုက် အကြိုက်ဆောင်ပေးခြင်းခံရသည့် ကြည်နူးမှုက တစ်မျိုး။ ကိုယ်က သူ့အလိုလိုက် သူ့အကြိုက်ဆောင်ပေးခြင်းဖြင့် သူပျော်ရွှင်နေသည် ကို ပီတိဖြစ်ရသည်ကတစ်ဖုံ။

ခံစားချက်ချင်း မတူပါလေ။

မမကို စိတ်ချမ်းသာအောင်ထားခြင်းဖြင့် နှလုံးစိတ်ဝမ်းမှာ ပီတိရွှန်း

ခဲ့ဖူးပါ၏။

တံခါးဖွင့်၊ လေးဆင့်ချိုင့်ကို ဆွဲမယူကာ တံခါးပြန်ပိတ်၊ ထမင်းစားခန်းထဲသို့ ဝင်ခဲ့သည် ။

"တစ်ယောက်တည်း ထမင်းစားနေရပါတယ် မမ"

မမကိုတော့ သတိရစမြဲ။ ယခု စားရမည့် ထမင်းဖိုးပင်လျှင် မမ ပေးထားသည့် ငွေထဲက မဟုတ်လား။ စင်စစ် မမသည် မောင်မောင့် ကျေးဇူးရှင်ဆိုလျှင်လည်း မမှားပါ။။

"အလုပ်တစ်ခုခုတော့ ရှာလုပ်ရတော့မယ်"

မမပေးခဲ့သည့် မုန့်ဖိုးပဲဖိုးလေးနှင့် ထိုင်စားနေလို့ ဘယ်လောက်ကြာကြာ စားနိုင်မလဲ။ ကားဖိုးအလိုက်ငွေ နှစ်သောင်းကိုလည်း မထိချင်။ သည် ငွေက မမ စေတနာနှင့် ပေးကမ်းခဲ့သည့် ငွေမှ မဟုတ်ဘဲ။

ပြီးတော့ ခြံနှင့်တိုက်၊ ကျော်ကြည်သာ၏ အမည်သို့ လွှဲပြောင်းပြီးခဲ့ပြီ၊ ပိုင်ဆိုင်ခွင့်မရှိဟု ထင်သည် ။ မမထံမှ သည် လောက်အထိ အမြတ်မထုတ်ချင်။

"မမ မရှိတော့မှ မမကို ပိုသနားမိသလိုပါပဲဗျာ၊ မောင်မောင်မှားပါတယ် မမ"

လေးဆင့်ချိုင့်ကို ဖွင့်တော့ ...

"ဟင် ... "

အပေါ်ဆုံး အံလွတ်ထဲမှာ စာလေးတစ်စောင်၊ လေးဆင့်ချိုင့်တွင် ထမင်းတစ်အံ၊ ဆီပြန်ဟင်းတစ်အံ၊ အရည်သောက်ဟင်းက တစ်အံ။ ကျန်

သည့်တစ်အံကတော့ လွတ်သည့်အခါ လွတ်နေသည် ။ ငါးပိကြော်၊ ချဉ်ပေါင်ကြော် စသည် ဖြင့် အကြော်အလှော်လေးပါသည့်အခါ ပါတတ်သည် ။ ခုတော့ အံလွတ်ထဲမှာ စာတစ်စောင်။

မောင်မောင် ...

ထမင်းစားပွဲရဲ့ ကျန်တစ်ခုံပေါ်မှာ မမ ထိုင်နေတယ်၊ မမအတွက်လည်း တစ်ပန်းကန် ခူးပေးပါ၊ မောင်မောင့်ကို ချစ်လို့ မောင်မောင်နဲ့ အတူ မမ ထမင်းလာစားပါတယ်။

မောင်မောင်မုန်းတဲ့

မမ

မွေးညင်းများ ရှိန်းခနဲကြွ၊ ကြက်သီးတွေပါ ဖျဉ်းခနဲထ သွားရတော့သည် ။ ထမင်းစားပွဲမှာ ကုလားထိုင်နှစ်လုံးတည်းရှိသည် ။ တစ်လုံးပေါ်မှာ ကျော်ကြည်သာ၊ ကျန်တစ်လုံးမှာ မမ ထိုင်နေပါသတဲ့ ။

ယောက်ျားဟူသည့်စိတ်ဖြင့် မကြောက်ပါဘူး ဘယ်လိုဆိုဆို၊ ခြံကျယ် တိုက်ကြီးတစ်လုံးလုံးထဲတွင် မိမိတစ်ဦးတည်း။ ကုလားထိုင်လွတ်တစ်ခုတွင် တမလွန်မှ ဝိညာဉ်တစ်ခုက လာထိုင်နေပါသည် ဆိုတော့ ...

ကုလားထိုင်ကို စိုက်ကြည့်မိသည် ။ မမပုံရိပ်ကို ရေးတေးတေးမြင်ယောင်မိသလိုလို။ ကျော်ကြည်သာ ရုတ်တရက် ခုန်ထသည် ။

ဘေးဘီဝဲယာနံရံများ ဆီသို့ လှည့်ပတ်ကြည့်သည် ။ ပါးချိုင့်တစ်စုံနှင့် သွားစွယ်နှစ်ဖက်ပါဝင်သည့် မမ မျက်နှာလှလှကလေးများက ပြုံးလို့ရယ်လို့ ။

"ဟင်း ... "

သက်ပြင်းမောနှင့်အတူ ပြန်ထိုင်ချသည် ။ မျက်ဝန်းတူရူတွင် မမပုံရိပ်ထင်သည် က အကျင့်ဖြစ်နေပြီပဲလေ။ ခုံပေါ်မှာ မမမရှိပါဘူး။ နောက်ပြီး ထမင်းချိုင့်ထဲ စာပါလာတယ်ဆိုကတည်းက တစ်စုံတစ်ယောက်က လာထည့်သွားလို့ သာပေ့ါ။ မမသာတစ္ဆေသရဲဆိုလျှင် အသံဖြင့် အသိပေးနိုင်ရမည်။

"ဘယ်သူလဲ၊ ငါ့ကို ဘာရည်ရွယ်ချက်နဲ့ ခြောက်လှန့်ဖို့ ကြံနေသလဲ၊ ပြီးတော့ ဟိုချာတိတ်မလေးကကော ဘယ်လိုသက်ဆိုင်နေသလဲ"

အဖြေမရသည့် ပုစ္ဆာများ အတွင်းမှာ မူးနောက်သီဝေဆဲနှင့်ပင် ထမင်းကို တစ်လုတ်နှစ်လုတ် မျိုချဖြစ်သည် ။

"ဩော် ... မမအတွက် တစ်ပန်းကန် ခူးပေးရဦးမှာ ပဲ"

'မမ'အမည်ကို သုံးစွဲကာ ဆန္ဒတစ်ခုခုကို ထုတ်ဖော်လာတိုင်း ဖြည့်ဆည်းပေးဖို့ တာဝန်ရှိသည် ဟု မောင်မောင်ထင်ပါသည် မမ။ မမဟာ မောင်မောင့်ကျေးဇူးရှင်။ မမကို မမ ချစ်သလို စိတ်ထားမျိုးနဲ့ မောင်မောင် မချစ်ခဲ့ပေမယ့် ကြင်နာမှု အစိတ်အပိုင်းမှာ တော့ ရာနှုန်းပြည့်ဆိုတာ မမ အသိပါလေ။

ထမင်းပန်းကန်ပြားတစ်ချပ်ကို ထယူကာ မမအတွက်ပါ တစ်ပွဲပြင်၍ လွတ်နေသည့် ကုလားထိုင်ရှေ့ စားပွဲပေါ်မှာ တင်ပေးလိုက်သည် ။

"စား မမ"

မမရှိတုန်းက နည်းအတိုင်းပဲပေ့ါ။ ပြောလည်း ပြော၊ ဟင်းတွေလည်း ခပ်ထည့်ပေး။

"ဩော် ... ငါးခူဆီပြန်ကိုး၊ အရိုးထွင်ပေးဦးမှ ပဲ၊ ဟာ ... မေ့ပြန်ပြီ၊ ဇွန်းနဲ့ ခက်ရင်း"

ကြောင်အိမ်သွားဖွင့်၊ ဇွန်းခက်ရင်းတစ်စုံထုတ်၊ ထမင်းပန်းကန်ပေါ် အဆင်သင့်တင်ပေး၊ မုန်လာချဉ်ရည် ဆမ်းပေး၊ ငါးခူဆီပြန်ကို အရိုးထွင်ပြီး ပုံပေး။

"မမသာ သက်ရှိထင်ရှားဆိုရင် ကောင်မလေးတွေကို ကြက်ဥကြော်ခိုင်းရဦးမှာ "

သည် လောက်ဟင်းမျိုးနှင့် မျိုမကျတတ်ပါသော မမ။

"ခုတော့ တကယ်စားမှာ မှ မဟုတ်တာ၊ ကြက်ဥမကြော်တော့ဘူး မမရေ"

ငါ ရူးပြီလား၊ ဘာရည်ရွယ်ချက်နှင့် သည် စကားတွေ ပြော၊ သည် ဖြစ်ရပ်တွေ လုပ်နေရသနည်း။

"မောင်မောင် ရူးပြီထင်ပါရဲ့ မမရယ်"

ကိုယ့်ထမင်းကို ဆက်စားတော့ ခံတွင်းမတွေ့တော့ပါ။ ခါတိုင်းလည်း သည် နည်းတူပါပဲ။ မမအတွက် ထ,ထ,လုပ်ပေးနေရသည် နှင့် ကိုယ့်ထမင်းကိုယ် စားချင်စိတ်မရှိတော့ဘဲ ဖြစ်တတ်မြဲလေ။

"ဟော ... မမကို လုပ်ပေးနေရတာနဲ့ မောင်မောင် ထမင်းစားပျက်ရပြီ"

မမက သည် သို့ပြောတတ်ကာ ဘယ်သူရေ၊ ဘယ်ဝါရေ စသည် ဖြင့် မမ၏ အခြွေအရံတို့ ကို အော်ခေါ်တတ်သည် ။

"ဘာရှိလဲ၊ ရှိတာတွေထဲက အကောင်းဆုံးလုပ်ပေး၊ မောင်မောင် ထမင်းစားပျက်လို့ "

ကမ္ဘာမီးလောင်သလောက် ရေးကြီးခွင်ကျယ် လုပ်ပြတတ်ပါသော မ

မ။ မိဖုရားခေါင်းခဲတော့လည်း သည်းပြကြရသည် ။ အသီးအနှံ၊ မုန့်၊ အဖျော်ရည်မျိုးစုံ၊ အပူတွေရော အအေးတွေပါ ကျော်ကြည်သာရှေ့မှောက်သို့ လင်ပန်းကိုယ်စီကိုင်ကာ လာချပေးကြသည် ချည်း။ ကျော်ကြည်သာ မချိုပြုံး ပြုံးမိသည် ။

"မောင်မောင် ထမင်းစားပျက်လို့ မမ"

တစ်ယောက်တည်း စကားပြောသည် ဆိုတော့ ရူးလို့ ကလွဲလျှင် အကြောင်းမရှိ။

"ဘယ်လိုလဲ၊ ဒီခုံပေါ်မှာ မမရှိတယ်ဆို၊ ဒီမှာ ထမင်းစားပျက်နေပြီဗျ
"

သက်မဲ့ခုံက ငုတ်တုတ်။ မမ၏ စီလောင်ညံ့သံလေးကို မကြားရ။ ဂရုတစိုက် အလိုက်တသိ လာလုပ်ပေးမည့်သူ ဟူ၍ လည်း တစ်ဦးမျှမရှိ။ ဤအိမ်တွင် သက်ရှိလူသားဆို၍ ကျော်ကြည်သာ တစ်ယောက်တည်း မဟုတ်လား။

"ဂျန်း ... ဂျန်း"

"ဟိတ်"

ယောင်ယမ်း၍ အော်မိသည် ။ ရင်ထဲမှာ ထိတ်ခနဲ လန့်သွားသည် မို့ ထိုင်ရာမှ ခုန်ထမိပြန်သည် ။

"ကြည်သာ ... ကြည်သာရေး"

ကြည်သာရေ ... ဟု ခေါ်လျှင် ပေါ့ရွတ်သည် ဟု ဆိုကာကြည်သာရေး ...ဟု အမြဲ ခေါ်တတ်သူက ဖြိုးပိုင်။ ဂျန်း ... ဂျန်း ဆိုသည် မှာ ပိတ်ထားသည့် သံပန်းတံခါးကို ဆွဲခါခြင်းပေပဲ။

"ကြည်မသာရေး"

" လာပြီဟ"

ဝမ်းသာအားရ ပြေးထွက်မိ၏။ ခုနေခါ ဖြိုးပိုင်က 'ကြည်မသာ' ခေါ် ရုံမက ထိုင်ဆဲနေလျှင်လည်း လိုလိုချင်ချင် ရှိပါသည် ။ တုန်လှုပ်ချောက်ချားချိန်တွင် အဖော်ရရှိခြင်းက စိတ်ကို အလွန်အမင်း သက်သာစေသည်လေ။

"သေနေပြီလား ခေါ်လိုက်ရတာ"

"ထမင်းစားနေလို့ "

တံခါးဖွင့်ပေးသော လက်နှင့်အတူ ကျော်ကြည်သာ၏ ကိုယ်ခန္ဓာ အစိတ်အပိုင်းများ အားလုံး သွက်လက်ဖျတ်လတ်နေ၏။ စိတ်ထဲမှာ တက်ကြွလန်းဆန်းလိုက်ပါဘိခြင်း။ အဖော်ရပြီမဟုတ်လား။

"ငါလည်း မစားရသေးဘူးကွ"

"ဝင်စားလေ"

"အေး"

ခါတိုင်းဆို 'သောက်ငတ်'ဟု ဆဲဖြစ်ဦးမည်။ ခုများ ဖြင့် ထိုင်တောင်ရှိခိုးချင်မိ၏။ သံတံခါးပြန်ပိတ်ကာ ဖြိုးပိုင် ပခုံးကို ဖက်လျက် ထမင်းစားခန်းထဲသို့ ဝင်ခဲ့သည် ။

"ဟာ ... ဟိတ်ကောင်၊ မင်းမှာ အဖော်နဲ့ လား၊ ဆောရီးပဲ သူငယ်ချင်း "

ထမင်းစားစားပွဲတွင် ပန်းကန်နှစ်ချပ် ပြင်ထားသည် ကို တွေ့၍ ဖြိုးပိုင်က အားနာစွာဆို၏။

"ရပါတယ် ထိုင်လေ"

"မမထိုင်နေတယ်"ဆိုသည့် နေရာသို့ မေးငေါ့ပြလိုက်သည် ။ ဖြိုးပိုင် ထိုင်ပေမယ့် ဖင်တကြွကြွနှင့် ပုံစံမကျနိုင်အောင် ဖြစ်နေ၏။

"မင်း ဘာဖြစ်နေတာလဲ"

မမပေါင်ပေါ်များ တက်ထိုင်မိလေသလားဟု ကြံကြံဖန်ဖန်တွေးလိုက်မိသောကြောင့်ပါ။ တစ္ဆေသရဲဆိုသည် ကို ယုံသည် မယုံသည် အပထား။ သွေးကတော့ ခပ်လန့်လန့်ပါပဲ။

"ဟ ... ဒီထမင်းပန်းကန်က နည်းလှချည်လား၊ ကြောင်ကျွေးမလို့လား"

မမအတွက် ... ဟု ဆိုကာ သူ ပြင်ထားသည့် ပန်းကန်ထဲမှာ ထမင်းက ကြွားပြောရလျှင် လေးငါးစေ့။ တကယ်တမ်းဆို လက်သီးဆုပ်စာလောက်တော့ ရှိသည် ။

"လက်တွေ့စားမှာ မှ မဟုတ်ဘဲ၊ အငွေ့အသက်လောက်စားမယ့်ကိစ္စ ၊ ဒီလောက်ဆို တော်ရောပေါ့"

"ဟေ"

"အေးလေ၊ ဝိညာဉ်လောကသားတွေအတွက်ဆို နည်းနည်းကျဉ်းကျဉ်းနဲ့ ရတယ် မဟုတ်လား"

"ဘုရား ... ဘုရား ... ဒါ ... နတ်တင်တာလား"

"ဟင့်အင်း"

"ဘာလုပ်တာလဲ"

"မမအတွက်၊ မမစားမလို့ "

"ဟော့ကောင် မင်းရူး"

"မင်းထိုင်တဲ့ ခုံမှာ မမ ရှိနေတယ်"

"သောက်ကျိုးနည်း"

လူဝသလောက် တစ္ဆေကြောက်တတ်သည့် ဖြိုးပိုင်၊ ခုန်အထစားပွဲနှင့်မလွတ်ဘဲ ကုလားထိုင်ပါ ရောထွေး လဲကျသွားတော့သည် ။

"အမယ်လေး ... လေး၊ ကြည်သာ ... ငါ့ကို ထူပါဦး၊ တွန်းချတယ်ကွ"

ပိုးလိုးပက်လက်လန်လျက်က မျက်စိစုံပြူးကာ ပါးစပ်အပြဲသားနှင့် အော်နေသည့်ပုံစံက ရယ်ချင်စရာပါ။ သို့ပေမဲ့ ကြည်သာ မရယ်ဖြစ်ပဲ ငေးကြည့်နေမိသည် ။

"မမ တကယ်ပဲ ဒီကုလားထိုင်ပေါ်မှာ ရှိနေပြီး ဖြိုးပိုင်ကို တွန်းချလေရော့သလား"

သည် အတွေးကို ခိုင်မာစွာ တွေးမိလေတော့သည် ။

"ဟ ... ငါ့ကို ထူဦးကွ"

သည် တော့မှ ထူဖို့ သတိရသည် ။ ကုလားထိုင်တခြား၊ လူတခြား ဆွဲခွာပေးရသည် ။ ဖြိုးပိုင် ခေါင်းပွတ် ဖင်ပွတ်နှင့် ထလာသည် ။

"နောက်စေ့လည်း ဆောင့်တယ်၊ မြီးညှောင့်ရိုးလည်း နာတယ်၊ ဖင်ရော ခေါင်းရောနာတယ်ဆိုတာ ခုမှ လက်တွေ့ ... အဟီး"

ဖြိုးပိုင် စပ်ဖြဲဖြဲရယ်ပြသည် ။

တစ္ဆေသရဲကိစ္စများ နှင့် ပတ်သက်ပါလေတိုင်း မိန်းကလေးများ ဆို အလွန်ကြောက် တတ်လေ့ရှိသည် ။ ကြောက်ရမှာ ကိုလည်း မရှက်ပါ။ ကြောက်စိတ်ကို ဂုဏ်ငယ်သည် ဟူ၍ လည်း မထင်။ ကြောက် ... ကြော

က်သည် ပေ့ါ။

ယောက်ျားသားများကျတော့ တကယ်ဆို သူတို့ လည်း ကြောက်တတ်ကြမည်ပင်။ သို့ပေမဲ့ လူလယ်ကောင်တွင် ကြောက်ရမှာ ရှက်သည် ။ ‘ကြောက်စိတ်’ကို ဂုဏ်ငယ်သည် ထင်၍ ဖုံးဖိချင်ကြသည် ။ မကြောက်ချင်ယောင်ဆောင်ချင်တတ်ကြသည် မဟုတ်လား။

"မင်း တော်တော်နောက်တဲ့ ကောင်"

ဖြိုးပိုင် ဖင်ပွတ်ခေါင်းပွတ်လုပ်ဆဲက စပ်ဖြဲဖြဲ ရှုံ့မဲ့နေသည် ။

"မမက အဲဒီခုံမှာ ထိုင်နေမယ်တဲ့ "

"ဟေ ... "

"သူ့ကိုလည်း တစ်ပန်းကန်ပြင်ပေးပါဆိုလို့ "

"မင်းကို ဘယ်လိုပြောသလဲ"

"ဒီမှာ စာ"

ကျော်ကြည်သာ စာကို ဖြန့်ပြသည် ။ ဖြိုးပိုင် စိတ်ဝင်စားစွာဖတ်သည် ။ ဖတ်ရင်းဖတ်ရင်း မျက်ခုံးနှစ်ခု အလယ်စုကာ မျက်စိပေါက်တွေ ကျဥ်းကုန်၏။

"ဒီစာ ဘယ်ကရတာလဲ"

"ထမင်းချိုင့်ထဲမှာ ပါလာတာ"

"ထမင်းချိုင့်ကို ဘယ်သူလာပို့သလဲ"

"မတွေ့လိုက်ဘူး ၊ ပို့နေကျဆိုင်က ကောင်လေးပဲနေမှာ ပေ့ါ"

"ဟကောင်ရ၊ မင်း သောက်ရူးထနေမှန်း သိလို့ တမင်နောက်သွား

တာ ဖြစ်မှာ ပေ့ါ"

"မဖြစ်နိုင်ဘူး"

"ကြည်မသာ မင်း ဆရာဝန်နဲ့ ပြဖို့ လိုပြီ"

ဖြိုးပိုင်က ထောင်ပြီးသား ကုလားထိုင်ပေါ် ဝင်ထိုင်သည် ။

"မင်း စောစောကထိုင်တော့ ဖင်တကြွကြွနဲ့ "

"မင်းမှာ အဖော်ရှိနေတယ်ထင်လို့ ထမင်းဝင်စားရကောင်းမလား၊ မကောင်းဘူးလား တွေးနေတာ"

"မသိဘူး၊ မင်း မမပေါင်ပေါ်မှာ တက်ထိုင်မိလို့ ဖြစ်နေသလားလို့ "

"သေပါတော့ဟာ ၊ မင်းကို တစ်ယောက်တည်းထားလို့ မဖြစ်တော့ဘူး ၊ ဟုတ်တယ်၊ တစ်ယောက်တည်းဆို သွေးလေချောက်ချားတတ်တယ်၊ ပြီးတော့ မင်း သိပ်ပြီးပူဆွေးနေတဲ့ အချိန် "

ကျော်ကြည်သာ ထိုင်လျက်က ခေါင်းငုံ့ကာ တွေနေသည် ။

"ငါ လာနေပေးရမလား"

"အင်း. . အင်း . .ကောင်းတယ်. . ကောင်းတယ်"

ဖြိုးပိုင်က မမအတွက် ပြင်ထားသည် ဆိုသော ထမင်းပွဲကို ဇွန်းတစ်ချောင်းနှင့်ခပ်၍ စားတော့သည် ။ ထမင်းများ ပင် ထပ်ထည့်နေချေသေး ။ ကျော်ကြည်သာ ရင်မဖိဖြစ်ပေမယ့် စိုးထိတ်စွာ ကြည့်နေမိတော့သည် ။

ဖြိုးပိုင်အနေနှင့်က ကျော်ကြည်သာ စိတ်စွဲလမ်းမှုဖြင့် ကယောင်ချောက်ချားဖြစ်မှုကို ထမင်းလာပို့သည့် ကောင်လေးက သက်သက်နှောက်သည် ဟု ပဲ ထင်သည် ။ ကြောက်စရာ ဘာရှိတော့လဲ။

"မနက်တုန်းက. . "

"ပြော. . ငါ စားရင်း နားထောင်မယ်"

ချာတိတ်မလေးအကြောင်းကို ပြောပြမိ၏။ ပြောစဉ်မှာ ကျော်ကြည်သာ မျက်စိမျက်နှာ ပျက်နေသလောက် ဖြိုးပိုင်က ချဉ်ရည်ဟင်းကို ရွှဲရွှဲ ဆမ်းရင်း ထမင်းမြိန်နေသည် ။

"အဲဒါ မင်း ဘယ်လိုထင်သလဲ ဖြိုးပိုင်၊ ဒီအကြောင်းနဲ့ ဆက်စပ်တွေး တော့ ထမင်းချိုင့်ထဲက စာဟာ ရိုးရိုးသားသား နောက်တာ ဖြစ်နိုင်ဦးမ လား"

"မနက်ကအကြောင်းက မင်းပြောလို့ ကြားရတာ၊ ငါ ကိုယ်တိုင် မ တွေ့ဘူး"

"အဲဒီတော့ ဘာဖြစ်လဲ"

"မင်းစိတ်ထဲမှာ ခံစားရတိုင်း သွေးရူးသွေးတန်း လျှောက်ပြောနေတ ယ်လို့ ပဲ ထင်တယ်"

"မယုံဘူးလား"

"မယုံဘူး"

ဖြိုးပိုင်က ပန်းကန်ပြားနှစ်ချပ်နှင့် ထမင်းချိုင့်၊ ဇွန်းတွေကိုကောက် ယူကာ လက်ဆေးခွက်တွင် သွားဆေးတော့သည် ။

"ငါ ပရိမိုးရှင်းရပြီကွ၊ အိမ်ကို ပိုက်ဆံမှာ ဖို့ မလိုတော့ဘူး"

ဖြိုးပိုင်နှင့် ကျော်ကြည်သာ။

ဘွဲ့အတူတူ ရခဲ့ကြသည် ။ ကျော်ကြည်သာ ယခုတိုင်အလုပ်မဝင်ဖြစ် ပေမယ့် ဖြိုးပိုင်က အောက်တန်းစာရေး ဝင်လုပ်ခဲ့သည် မှာ နှစ်နှစ်များ

ပင် ပြည့်ခဲ့ပြီ။

"ဟော ... ဖုန်းလာတယ် ဟော့ကောင်"

ဖြိုးပိုင် လှမ်းကန်တော့ ကျော်ကြည်သာ ဆတ်ခနဲတွန့်၏။

"ဖုန်းလာနေတယ်ဆို"

"မင်းပဲ သွားကိုင်လိုက်ပါ"

"ကောင်းတယ်၊ မင်းနဲ့ သာ လာနေဖြစ်ရင်၊ ငါတော့နေရင်းထိုင်ရင်း မင်းရဲ့ လက်တိုလက်တောင်းလေး ဖြစ်တော့မှာ ပဲ"

ဖြိုးပိုင် တစ်ချက်မဲ့ပြပစ်ခဲ့ကာ ဧည့်ခန်း တယ်လီဖုန်းစင်ရှိရာသို့ လာခဲ့၏။

"ဟဲလို"

"မောင်မောင်လားဟင်"

"ဗုဒ္ဓေါ"

ကျော်ကြည်သာကို မမက မောင်မောင်ဟု ခေါ်မှန်း ဖြိုးပိုင် သိထားသည် မို့ မျက်လုံးပြူး သွားရ၏။

"ကျွန် ... ကျွန်တော် ဖြိုးပိုင်ပါ"

"မောင်မောင့်ကို ခဏခေါ်ပေးပါ၊ မမ စကားပြောချင်ပါတယ်လို့ "

"ဟို ... ဟိုကောင်"

"ဘာလဲဟင် ... မပြောချင်ဘူးတဲ့ လား"

"မဟုတ် ... မဟုတ် ... ကျွန်တော် ခေါ်ပေးရမလား"

"နေပစေတော့လေ၊ မမအတွက် ထမင်းချိုင့်ကျွေးတာကို ကျေးဇူးတင်

ပါတယ်လို့ "

"ခင်ဗျာ"

"ညကျရင် မမ ဒီအိမ်မှာ လာအိပ်မလို့ မမအခန်းထဲက မမခုတင်ကို ပြင်ဆင်ထားပါလို့ ပြောပေးပါနော်"

"ခင်ဗျာ"

"မမဟာ တမလွန်ပဲဖြစ်ဖြစ် နှစ်မလွန်ပဲဖြစ်ဖြစ် ဘယ်ဘဝရောက်ရောက် မောင်မောင့်အနားမှာ မောင်မောင်နဲ့ မခွဲဘဲ၊ အမြဲရှိနေမှာ ဆိုတာ ပြောပေးပါနော်၊ ကိုဖြိုးပိုင် ... ဒါပဲ"

ဂလောက်မြည်ကာ ချသွားသည့်တိုင် ဖြိုးပိုင် ငိုင်၍ ကျန်ရစ်တော့သည် ။

"ထမင်းခူးကျွေးထားတာ၊ သူ ဘယ်လိုလုပ် သိနိုင်မလဲ"

အတွေး ချာချာလည်သည့်ကြားက ကျော်ကြည်သာ၏ အန္တရာယ်ကို တွေးလိုက်မိပါ၏။

"ဒီကောင့်ကို နောက်ချင် စ,ချင်ရုံသက်သက်မကဘဲ၊ အန္တရာယ်တစ်ခုခုဖြစ်စေဖို့ ကြံစည်နေတဲ့ လူတစ်ယောက်၊ ဒါမှ မဟုတ် တစ်စုရှိကိုရှိနေပြီ"

ကျော်ကြည်သာနှင့် အတူလာနေဖို့ ကိစ္စက ရာနှုန်းပြည့်သေချာသွားရတော့သည် ။ ဒီသူငယ်ချင်းကို ပစ်ထားလို့ မဖြစ်တော့ချေ။ ထမင်းစားခန်းထဲသို့ ပြန်ဝင်လာတော့ ...

"ဟာ ... ကြည်သာ"

ကုလားထိုင်ပေါ်တွင် ပိုးလိုးပက်လက် လန်မတတ် မှီလျောစွာ ထိုင်

နေသည့် ကျော်ကြည်သာ မျက်နှာပြင်က ဖြူဖွေးကာ သွေးမရှိ။ ဆောင်းတွင်းကြီး ချွေးသီးချွေးပေါက်တွေ ပြန်နေသည် ။

"ကြည်သာ ... ကြည်သာ"

"ငါ ဘာမှ မဖြစ်ပါဘူး"

နွမ်းလျသံကပင် ဘာမှ မဖြစ်ပါဘူးဆိုသည့် စကားကိုဆန့်ကျင်နေသည် ။

"မမ ဖုန်းဆက်တယ်"

"ငါသိတယ်"

"မင်း ကြားရလို့ လား"

"တစ်ဖက်ကပြောတာ မကြားရပေမယ့် မင်းရဲ့ တစ်ဖက်စကားနဲ့ တင် ငါ နားလည်လိုက်တယ်"

"ညကျရင် လာအိပ်မယ်တဲ့ "

"အိပ်ရာပြင်ထားရမှာ ပေါ့"

"မင်း တကယ် လုပ်မလို့ လား"

"မမဝေယျာဝစ္စတွေ ငါ အကုန်လုပ်ပေးခဲ့တာပဲ"

"ငါ ခုကတည်းက မပြန်တော့ဘူး ကြည်သာ၊ မင်းနားမှာ ပဲ နေတော့မယ်"

"ကျေးဇူးပဲ"

မမရေ ... ခင်ဗျား တကယ်ပဲ တစ္ဆေဖြစ်နေရင်တောင် ဒီကောင်ကြီး ဒီလောက်ချောက်ချားတုန်လှုပ်အောင်တော့ မခြောက်သင့်ပါဘူးဗျာ ...

ဖြိုးပိုင် စိတ်ညစ်ညူးစွာ ကျိတ်ညည်းမိသည် ။

ကျော်ကြည်သာ ခွေလျော့စွာ ထိုင်နေလျက်က သပွတ်အူကြိုးစတစ်မျှင်ဆီသို့ အတွေးရောက်၏။

"အုတ်နီခဲရောင် ဖော်လ်ဗိုကားကို လက်ရှိ ဘယ်သူပိုင်ဆိုင်နေသလဲ စုံစမ်းနိုင်ရင် ...

"ချာတိတ်မကလေးက ဘယ်ကလဲ ဘယ်သူလဲ သူ့မှာ ဘယ်လိုရည်ရွယ်ချက်မျိုးရှိသလဲ"

ကြောက်လှသည် မဟုတ်ပေမယ့် ရင်ထဲမှာ တကယ်ပင်တုန်ခိုက်မိပါ၏။ မမနှင့် ပတ်သက်ရသည် မို့ပါ။

*